ပေါ်တာများ ဆက်လက်ခေါ်ယူနေပြီ ပေါ်တာသွားရသောကြောင့် မြေမြှုပ်မိုင်းနင်းမိသေ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၆ ရက်၊ ၂၀၀၃ ခုနှစ်။

မွန်ပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းမြောက်ပိုင်းဒေသတွင် လှုပ်ရှားနေသော Mon National Warrior Army (MNWA) ခေါ် မွန်လက်နက်ကိုင်အဖွဲ့ကို ထိုးစစ်ဆင်နေသည့် နအဖစစ်တပ်သည် ဒေသအတွင်းရှိ ရွာသူရွာသားများကို ပေါ်တာခေါ်ယူနေခဲ့ပါသည်။

ပေါ်တာသွားရသောကြောင့် မြေမြှုပ်မိုင်းနင်းမိသည့် ရွာသူရွာသားများ သေဆုံးမှုရှိကြောင်း နယ်စပ်ကို ထွက်ပြေးရောက်ရှိလာသည့် ပေါ်တာတစ်ဦးက ဆိုပါသည်။

နိုင်ဟာလိုန်၊ နိုင်ဗင် ဦးဆောင်သော MNWA ကို ထိုးစစ်ဆင်နေသော ၄င်းဒေသအခြေစိုက် နအဖတပ်ရင်း (၂၇၃) သည် လက်နက်ခဲယမ်းမီးကျောက်များကို သယ်ယူပို့ဆောင်ရန်အတွက် ရေးမြို့နယ်တောင်ပိုင်းရှိ ဒေသခံရွာသူရွာသားများအား တစ်ပတ်လျှင် ရွာတရွာကို ရွာသူရွာသား သုံးလေးယောက်အား ပေါ်တာအဖြစ် ခေါ်ယူနေခဲ့ပါသည်။

၄င်းတပ်ရင်းမှ စစ်ကြောင်းသည် လူငယ် အသက်ကြီးရွယ်အို မည်သူကိုမျှမရွေးပဲ ပေါ်တာများအဖြစ် အစဉ်မြဲ ခေါ်ယူနေခဲ့ပြီ စစ်ကြောင်းထိုးရာတွင် ပါသွားသည့် ပေါ်တာများသည် မိုင်းနင်းမိ၍ သေးဆုံးမှုလည်းရှိပါသည်။

မိဘမရှိ၍ မိမိတို့အိမ်အလှည့်ကျရောက်၍ ပေါ်တာသွားရသော ကျုံကညာရွာမှ ၈ တန်းကျောင်းသား ပေါ်တာတစ်ဦး၏ ပြောပြချက်အရ လွန်ခဲ့သောလ ဒုတိယအပတ်တွင် မိမိနှင့်အတူ စစ်ကြောင်းသို့ လိုက်ပါသွားသော ပေါ်တာ ၃ ဦးသည် မိုင်းနင်းမိ၍ နှစ်ဦးခြေထောက်ပြတ်သွားပြီ အသက် ၃၈ နှစ်ရှိသော နိုင်ဟိုင်ဆိုသူသည် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်ဟု ဆိုခဲ့ပါသည်။

ထို့အပြင် အသက် ၁၄ နှစ်ရှိသည့် မိအေးတာ အမျိုးသမီးပေါ်တာတစ်ဦးလည်း နိုင်ဟိုင်တို့ မိုင်းမထိမီ သုံးလေးရက်မှာ မိုင်းနင်းမိ၍ သေဆုံးသွားကြောင်း သိရပါသည်။

နအဖစစ်တပ်တို့သည့် ၄င်းဒေသတွင် တစ်နှစ်ပတ်လုံး စစ်ဆင်ရေးလုပ်ဆောင်နေပြီး ၄င်းတို့နှင့် ပစ်ခတ်နေဆဲဖြစ်သော နိုင်ဟာလိုန် နိုင်ဗင်အဖွဲ့တို့က လိုက်လံ တိုက်ခိုက်နေပါသည်။

၄င်းမွန်လက်နက်ကိုင်အဖွဲ့အား ရိက္ခာဖြတ်တောက်ရန်အတွက် ဒေသခံပြည်သူများကိုလည်း ခရီးသွားခွင့်ပိတ်ပင်ထားပြီး လယ်ယာခြံတွင် မည်သူမဆို ညအိပ်တွေ့ရှိပါက ပစ်သတ်မည်ဖြစ်ကြောင်း အမိန့်ထုတ်ထားခဲ့ပါသည်။